Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



# Network for Democracy and Development
## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (012/2010)
# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၁၂/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့မှ ဧပြီလ (၁၇) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- မြန်မာစစ်အစိုးရသည် အိန္ဒိယနိုင်ငံမှ စစ်ရေးအကူအညီများ တောင်းခံခဲ့ကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကြည်သိန်းက ပြောသည်။ **(DVB 110410)** Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **ALD** အနေဖြင့် စစ်အစိုးရကျင်းပမည့်ရွေးကောက်ကို ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ယခုလ ၁၀ ရက်နေ့က ကျင်းပသည့်အရေးပေါ်အစည်းအဝေး၌ ဆုံးဖြတ်ခဲ့သည်။ **(RFA 110410)** Read More...
- ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးရန် ပျက်ကွက်ခဲ့သည့် နအဖ စစ်အစိုးရကို လွှတ်တော်ကိုယ်စားလှယ်များစုပေါင်း၍ တရားစွဲရန် ပြင်ဆင်နေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ **(DVB 130410)** Read More...
- ယခုနှစ် မတ်လ ဒုတိယပတ်အတွင်း ရန်ကုန်မှ ချင်းပြည်နယ်သို့ ရောက်ရှိလာသည့် ဇိုမီးအမျိုးသားကွန်ဂရက် **(ZNC)** ဥက္ကဋ္ဌ ဦးပူကျင့်ရှင်းထန်သည် ချင်းပြည်သူများနှင့် တွေ့ဆုံခွင့်မရခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **(Khonumthung News Group 130410)** Read More...
- ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံ၍ စစ်အစိုးရ၏ ရွေးကောက်ပွဲကို သပိတ်မှောက်သည့်အနေဖြင့် အဝါရောင်သင်္ကေတများအား ဝတ်ဆင်ကြရန် မြေအောက်လှုပ်ရှားမှုများကို ဖော်ဆောင်နေသည့် လူငယ်နှင့်ကျောင်းသားများက သင်္ကြန်အကျနေ့တွင် တိုက်တွန်းတောင်းဆိုလိုက်သည်။ **(RFA 130410)** Read More...
- တွံတေးမြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များမှ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးအတွက် ရည်ရွယ်၍ သင်္ကြန်အကြတ်နေ့တွင် ရေပက်ခံထွက်သူများကို အအေးတိုက်ခဲ့ကြောင်း မြို့နယ်အဖွဲ့ချုပ်လူငယ် ကိုအောင်စိုးက ပြောသည်။ **(DVB 150410)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



### (ခ) ပြည်ပအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့် သတင်းစာဆရာကြီး ဦးဝင်းတင်တို့ကို ၂၀၁၀ ပြည့်နှစ် မြန်မာနှစ်သစ်ကူးပွဲတွင် မြန်မာ့ဒီမိုကရေစီရရှိရေးအတွက် ဦးဆောင်ကြိုးပမ်းနေကြသော တိုက်ပွဲခေါင်းဆောင် များအဖြစ် ဂုဏ်ပြုရန် ဗြိတိန်ရောက် မြန်မာများက စီစဉ်နေသည်။ **(RFA 120410)** Read More...

## အပစ်ရပ်အဖွဲ့အစည်းများ

### (က) နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- မြန်မာစစ်အစိုးရ တောင်းဆိုထားသည့် နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စနှင့်အတူ ၁၉၉၄ ခုနှစ်ကတည်းက မြန်မာစစ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့်အခြေအနေများကို ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** က ကချင်လူထုနှင့် အောက်ခြေဝန်ထမ်းများကို ရှင်းလင်းချပြခဲ့သည်။ **(RFA 160410)** Read More...
- ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **UWSA** မှ နအဖအား တောင်းဆိုထားသည့် အချက်များနှင့်ပတ်သက်ပြီး နအဖမှ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအအခြေအခံဥပဒေတိုင်း နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကိုသာ အဓိကထားစဉ်းစားပါရန် ယခုလ ၉ ရက်နေ့၌ နအဖကိုယ်စားလှယ်များက အကြောင်းပြန်ခဲ့သည်။ **(RFA 160410)** Read More...
- စစ်ဖက်ဆိုင်ရာလုံခြုံရေးအရာရှိချုပ် ဒု–ဗိုလ်ချုပ်ရဲမြင့်မှ မွန်ပြည်သစ်ပါတီအား ဌာနေပြည်သူ့စစ်အသွင်ပြောင်းရန်အတွက် ယခုလ ၂၂ ရက်နေ့ နောက်ဆုံးထား၍ အကြောင်းပြန်ရန် တိုက်တွန်းခဲ့သည်ဟု ပါတီပြောခွင့်ရပုဂ္ဂိုလ် နိုင်ချေးမွန်ကပြောသည်။ **(Kaowao 150410)** Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- မြန်မာစစ်အစိုးရပြုလုပ်မည့် ရွေးကောက်ပွဲသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်စေချင်ကြောင်း တရုတ်အစိုးရမှ ထုတ်ဖော်ပြောကြားလိုက်ပြီး တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ယခုလတွင် မြန်မာပြည်သို့ သွားမည်ဟု ထုတ်ပြန်ကြေညာလိုက်သည်။ **(DVB 130410)** Read More...
- တရုတ်ဝန်ကြီးချုပ်၏ မြန်မာအပါအဝင် အရှေ့တောင်အာရှသို့ ခရီးထွက်မည့် အစီအစဉ်ကို ဆိုင်းငံ့လိုက်သည်။ **(DVB 160410)** Read More...
- ယခုလ ၁၅ ရက်နေ့ သင်္ကြန်အကြတ်နေ့တွင် ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုအား အမေရိကန်အစိုးရအပါအဝင် နိုင်ငံတကာ အစိုးရများက ပြစ်တင်ရှုတ်ချလိုက်သည်။ **(DVB 160410)** Read More...
- မြန်မာစစ်အစိုးရအနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို လက်ရှိပုံစံအတိုင်း နိုင်ငံတွင်းသက်ဆိုင်သူအားလုံးနှင့်ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများ မရှိဘဲ ဆက်သွားမည်ဆိုလျှင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်မူဝါဒအပေါ် ပြန်လည်သုံးသပ်နိုင်ခြေရှိသည်ဟု အမေရိကန်နိုင်ငံခြားရေးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **(Kurt Campbell)** က ပြောသည်။ **(VOA 160410)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ဧပြီလ ၁၁ ရက်မှ ၁၄ ရက်နေ့အထိ ကျင်းပပြီးစီးသွားသည့် **World Movement Democracy (WMD)** ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီလှုပ်ရှားသူများ ညီလာခံတွင် ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးပြန်လွှတ်ပေးရန် နအဖစစ်အစိုးရကို တညီတညွတ်တည်း တောင်းဆိုလိုက်သည်။ **(RFA 150410)** **Read More...**
- နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး **AI** က ဦးစီးပြီး မြန်မာ၊ သီရိလင်္ကာ၊ တိဗက်၊ ကွန်ဂိုနိုင်ငံများမှ လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် နအဖစစ်အစိုးရမှ တဖက်သတ်ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲကို ကန့်ကွက်ဆန္ဒပြသောလှုပ်ရှားမှုတစ်ရပ်အား ပြုလုပ်ခဲ့သည်။ **(RFA 170410)** **Read More...**

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- စစ်အစိုးရ ကျင်းပမည့်ရွေးကောက်ပွဲကို ကန့်ကွက်ခြင်း၊ ထောက်ခံခြင်း မပြောလိုသော်လည်း ရွေးကောက်ပွဲဆိုင်ရာ လူထုပညာပေးမှုများကို လုပ်မှဖြစ်မည်ဟု အမျိုးသားရေး ဦးဝင်းနိုင်က ပြောသည်။ **(DVB 120410)** **Read More...**

***End of report/ Saturday, April 17, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.

Filename: Weekly Political Events Regarding the SPDC's Election (012-2010)
Directory: C:\Documents and Settings\NYI2010\Desktop
Template: C:\Documents and Settings\NYI2010\Application Data\Microsoft\Templates\Normal.dot
Title: SPDC
Subject:
Author: owner
Keywords:
Comments:
Creation Date: 4/15/2010 1:33:00 PM
Change Number: 27
Last Saved On: 4/18/2010 3:57:00 PM
Last Saved By: SUPERONE
Total Editing Time: 675 Minutes
Last Printed On: 4/18/2010 4:00:00 PM
As of Last Complete Printing
Number of Pages: 3
Number of Words: 981 (approx.)
Number of Characters: 5,594 (approx.)